

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိ



**၁၁၆၁+**

သတ်ဖြတ်ခံရ



**၈၈၃၅+**

ဖမ်းဆီးခံခဲ့ရ



**၇၁၆၄+**

ချုပ်နှောင်ခံထားရဆဲ



**၁၉၈၉+**

ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

စက်တင်ဘာလအတွင်းတွင် စိုးရိမ်ဖွယ်ကောင်းသော မှတ်တိုင်တစ်ခုကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ စက်တင်ဘာလကုန်အတွင် စစ်ကောင်စီ၏ အသိဉာဏ်မဲ့သော အင်အားသုံး အကြမ်းဖက် လုပ်ရပ်ကြောင့် ကလေးသူငယ်နှင့် သက်ကြီးပိုင်းအပါအဝင် လူပေါင်း ၁၀၀ နီးပါး အသတ်ခံခဲ့ရသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အဖွဲ့ဝင်များသည် အကြမ်းဖက်စစ်ကောင်စီ ကျူးလွန်လျက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အသက်စွန့်ကာ မှတ်တမ်းရယူနေသည်။ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) မှ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှု ဖြစ်ပွားနေသည့် အခြေအနေများကို မီးမောင်းထိုးကာ မြေပြင်မှ နောက်ဆုံးရ အခြေအနေများကို ပုံမှန်တင်ပြပေးနေသည်။ အင်တာနက်ဖြတ်တောက်မှုများကြောင့် အရပ်သားများ ထွက်ပြေးနေကြသည်။ ပစ္စည်းများကို ပြန်ယူရန် နေရပ်သို့ စွန့်စားကာပြန်သွားသော အရပ်သားများသည် တိုက်ပွဲများအတွင်း အသတ်ခံနေရသည်။ အမှောင်ထု၏ နောက်ကွယ်တွင် စစ်ကောင်စီသည် ချိုးဖောက်မှုများကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ကျူးလွန်ရန် အလားအလာ ပိုရှိကြောင်း သက်သေပြခဲ့သည်။ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် တို့တွင် သတင်းစီးဆင်းမှုသည် တားဆီးခံရပြီး လက်နက်သဖွယ် အသုံးချ နေသောကြောင့် စစ်ကောင်စီ၏ အကြမ်းဖက် ဖိနှိပ်ဖြိုခွင်းမှုများ ပြင်းထန်နေသည်။

ထို့ပြင် မွန်ပြည်လူ့အခွင့်အရေးအဖွဲ့ (HURFOM) အဖွဲ့၏ တွေ့ရှိချက်အရ အထူးသဖြင့် လူငယ်များကို မတရားဖမ်းဆီးခြင်း နှင့် ခေါ်ဆောင်ခြင်းများတိုးလာခဲ့သည်။ အမျိုးသမီးနှင့် မိန်းကလေးများကို ပစ်မှတ်ထားသော အကြမ်းဖက်မှုများလည်း တိုးလာကာ အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများနှင့် သတင်းထောက်များကို မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းထားသည်ကိုလည်းမသိရပေ။ စစ်ဆေးရေးဂိတ်များနှင့် ဖမ်းဝရမ်းမပါဘဲ စီးနင်းမှုများသည် ဆိုးဝါးနေပြီးသော အခြေအနေကို ပို၍ ဆိုးဝါးစေသည်။ အားနည်းသော တရားစီရင်ရေးစနစ်နှင့် စစ်ကောင်စီအပေါ် ယုံကြည်မှုမရှိခြင်းတို့ကြောင့် အရပ်သားပြည်သူတို့၏ အနာဂတ်အတွက် မျှော်လင့်ချက်မဲ့စေသည်။

စစ်ကောင်စီ၏ လူမဆန်သော ချိုးဖောက်မှုများကို သက်သေနှင့်အတူမြင်တွေ့ရနေသော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်း၏ အရေးယူဆောင်ရွက်မှုများ နှေးကွေးနေသည်။ မြန်မာပြည်၏ ပြည်တွင်းစစ်နှင့် ပတ်သက်၍ ဆယ်စုနှစ်များစွာ သင်ခန်းစာယူနိုင်သော်လည်း  နိုင်ငံတကာခေါင်းဆောင်များမှ စစ်ကောင်စီသည် အလျှော့အတင်းပြုလုပ်ရန် သို့မဟုတ်ညှိနှိုင်းလိုစိတ်မရှိကြောင်းမှတ်ယူပုံရသည်။ အကြမ်းဖက်စစ်ကောင်စီအား အပြစ်ပေးအရေးယူခံရခြင်းမရှိဘဲ လူ့အခွင့်အရေးများကို ချိုးဖောက်စေမှုသည် ထိရောက်သော အရေးယူလုပ်ဆောင်ချက်များ ပြုလုပ်ရန် နှောင့်နှေးမှု၏ အကျိုးဆက်ဖြစ်သည်။  အိန္ဒိယနှင့် ရုရှားအပါအဝင် အချို့သော နိုင်ငံများသည် အရပ်သားပြည်သူတို့၏ လူနေမှုဘဝကို   ပျက်ဆီးဆုတ်ယုတ်စေသော အဆင့်မြင့် လက်နက်များအား စစ်ကောင်စီထံ ဆက်လက်ရောင်းချနေသည်။

ဖေဖော်ဝါရီနှင့် စက်တင်ဘာ ၂၀၂၁ ကြား လက်နက်ကိုင်ပဋိပက္ခများနှင့် မတည်ငြိမ်မှုများကြောင့် ပြည်တွင်း၌ လူပေါင်း ၂၀၆,၀၀၀ အိုးအိမ်စွန့်ခွာခဲ့ရသည်။

New York ဒီမိုကရက်တစ် ကိုယ်စားလှယ် Gregory Meeks မိတ်ဆက်ခဲ့သော Burma Bill ဥပဒေကြမ်းသည် စစ်အာဏာသိမ်းမှုတွင် ပါဝင်ခဲ့သောသူများအား အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် အရပ်ဖက်အဖွဲ့အစည်းတို့၏ အောင်မြင်မှု အစိတ်အပိုင်း ဖြစ်သည်။ ၎င်းဥပဒေမူကြမ်းသည် ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်မှ နှိပ်စက်ညှဉ်းပမ်း သတ်ဖြတ်မှုများအား လူမျိုးတုံးသတ်ဖြတ်မှုအဖြစ်သတ်မှတ်ပေးရန် ကုလသမဂ္ဂနှင့် အမေရိကန်အစိုးရအား တောင်းဆိုခဲ့သည်။ ပြင်သစ်အထက်လွှတ်တော်မှလည်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန် ဆုံးဖြတ်ချက်ကို ကြေငြာခဲ့သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ

## ချင်းပြည်နယ်

ထန်တလန်တွင် မိသားစုအတွက် ရိက္ခာပြန်ပို့ပေးသော ဒေသခံတစ်ဦး အပစ်ခံရကာ ဒဏ်ရာရသော သတင်းအပါဝင် မင်းတပ်၊ ထန်တလန်နှင့် ဟားခါးတွင် လက်ရှိဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) မှ မှတ်တမ်းပြုစုထားသည်။ ဒေသခံအများစုသည် နေရပ်ကို စွန့်ခွာနေကြပြီး ပစ္စည်းများကို ပြန်ယူရန် ကြိုးစားသော ဒေသခံများသည် ပစ်ခတ်ခံရသောကြောင့် လှည့်ပြန်ခဲ့ရသည်။ အကြမ်းဖက်မှု စစ်ပွဲ၏ တစ်စိတ်တစ်ဒေသအရ အရပ်သားများ ဖမ်းဆီးခံရခြင်းနှင့် သေဆုံးများသည် ဆက်လက်ဖြစ်ပွားနေသည်။

## ကချင်ပြည်နယ်

စစ်ကောင်စီသည် ကချင်လွတ်လပ်ရေးတပ်မတော်နှင့် တိုက်ပွဲများ ပြင်းထန်သောကြောင့် စစ်ကူအမြောက်အများကို ကချင်ပြည်နယ်သို့ ပို့ဆောင်ခဲ့သည်။ ထိတ်လန့်ကြောက်ရွံ့နေသော ဒေသခံများသည် မိမိတို့၏ နေအိမ်များကို စွန့်ခွာကာ ဘုန်း ကြီးကျောင်းများနှင့် နီးစပ်ရာဒေသများသို့ ဘေးကင်းလုံခြုံရေးအတွက် ထွက်ပြေးခိုလှုံနေရသည်။ စစ်ကောင်စီသည် ဆင်ခြင်တုံတရားမရှိသောအကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်နေသည်။

## ကယားပြည်နယ်

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KHRO)၏ မှတ်တမ်းများအရ စစ်ဘေးရှောင်ကူညီသူ ၃၀ နီးပါးအပါအဝင် ဖမ်းဆီးခံရသူ အရပ်သား ၂၀၀ ကျော်အထိရှိလာသည်။ ဖမ်းဆီးခံရသူများအနက် အသက်ငယ်ဆုံး ၁၅ နှစ်မှ အသက်အကြီးဆုံး ၅၀ ကျော်အထိဖြစ်သည်။ ကယားပြည်နယ်မှ စစ်ဘေးရှောင်ကူညီသူများ သည် စစ်ဘေးရှောင်များကို ကူညီရန် ကြိုးပမ်းမှုကြောင့် ပစ်မှတ်ထားခံနေရသည်။ ပြီးခဲ့သည့်လတွင် စစ်ဘေးရှောင်အတွက် ရိက္ခာပို့ဆောင်သော ယာဉ်တစ်စီး တိုက်ခိုက်ခံခဲ့ရသည်။ ကယား ပြည်နယ်တွင် စစ်ကောင်စီ၏ ၃ ရက်တာ အကြမ်းဖက်ထိုးစစ်ဆင် တိုက်ခိုက်မှုတွင် အိမ်ခြေပေါင်း ၅၀ ထိခိုက်ပျက်ဆီးခဲ့ပြီး ပစ္စည်းများလည်း ဖောက်ထွင်းခံခဲ့ရသည်။ သက်ကြီးပိုင်း အရပ်သားတစ်ဦးသည်လည်း ၎င်း၏ နေအိမ်တွင် အသတ်ခံခဲ့ရသည်။

မေလကတည်းမှ စတင်၍ ကယားပြည်နယ်တွင် လူပေါင်း ၁၃၀,၀၀၀ ကျော်နေရပ်စွန့်ခွာ ခဲ့ရသည်။

*“အလှူရှင်တွေ လှူတဲ့နေရာမှာ တကယ့်လက်တွေ့ IDP ကို ထိရောက်မြန်ဆန်စွာလှူပေးချင်တယ်ဆိုရင်တော့ INGO တွေကနေတဆင့်ထက် CBO, CSO တွေကနေ တကယ့်ပရဟိတတက်ကြွလှုပ်ရှားသူတွေဆီကနေပဲ သွားသင့်တယ်။ ပြီးတော့ အလှူရှင်တွေအတွက် အလုပ်လုပ်ပေးနေရတဲ့ သူတွေအတွက် ကန့်သတ်မှုတွေရှိတဲ့ အခါကျတော့ အရမ်းပင်ပန်းပြီး မကူညီပေးချင်တော့တာတွေ ရှိတယ်။”*

*မော်ဖရေးမြာ – ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)*



*စစ်ကောင်စီကြောင့် အစားအသောက်၊ အမိုးအကာနှင့် အကာအကွယ်များလိုအပ်နေသာ ကရင်စစ်ဘေးရှောင်များ*
*Sources: ကရင်သတင်းစဉ်*

# နေ့စဥ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## အောက်တိုဘာ ၄ ရက်နေ့

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် တရား ၁၂ ရင်ဆိုင်နေရသည်။ သူမအား စွပ်စွဲမှုအလုံးစုံးအား “မဟုတ်တမ်းတရား” ပြောဆိုခဲ့သည်။

## အောက်တိုဘာ ၅ ရက်နေ့

စစ်ကောင်စီ တပ်မှ စစ်သား ၅ ယောက်သည် လက်နက်အပြည့်စုံဖြင့် CDF-Senthang တပ်ဖွဲ့ဆီ သို့ ဝင်ရောက်ပူးပေါင်းခဲ့သည်။

## အောက်တိုဘာ ၆ ရက်နေ့

မုံရွာမြို့ ၊ ဒေါနခြံရပ်ကွက်ရှိ NLD ပါတီရုံးကို စစ်ကောင်စီမှ ချိတ်ပိတ်ခဲ့သည်။

## အောက်တိုဘာ ၇ ရက်နေ့

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းသည် Interna-tional Republican Institute (IRI) မှ ချီးမြင့်သော John McCain Freedom Award ဒီမိုကရေစီသူရဲကောင်းဆုကို ရရှိခဲ့သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## အောက်တိုဘာ ၈ ရက်နေ့

ဥရောပပါလီမန်အစည်းအဝေးတွင် အရပ်သားပြည်သူတို့၏ အခြေခံလွတ်လပ်ခွင့်ပေါ် စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချသည့် ဆုံးဖြတ်ချက် တစ်ခုကို အတည်ပြုချမှတ်ခဲ့သည်။

## အောက်တိုဘာ ၉ ရက်နေ့

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM ၏ သတင်းအရ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ရင်းအောက်ကျေးရွာအုပ်စုတွင် နေထိုင်သည့် မိသားစုဝင်လေးဦးသည် ဗုံးခိုကျင်းထဲတွင် အောက်ဆီဂျင်ပြတ်လပ်ပြီး သေဆုံးခဲ့သည်။

## အောက်တိုဘာ ၁၀ ရက်နေ့

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်အရ စက်တင်ဘာလအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီ တပ်သား ၁၅၈၈ ကျော် သေဆုံးခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma